ဆားဖိုသိုင်းချောင်းကျေးရွာအုပ်စု

အလန်းအုပ်ကျေးရွာ၊ကျိုက်လတ်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

# (၂၀၂၀-၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

အလန်းအုပ်ကျေးရွာ၊ကျိုက်လတ်မြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်

၂၀၂၀ ပြည့်နှစ်၊ မတ်

# မာတိကာ


မာတိကာ ၁-၄

ကျေးဇူးတင်လွှာ ၅

စကားချီ ၅-၆

အလန်းအုပ်ကျေးရွာသယံဇာတပြမြေပုံ၊ကျိုက်လတ်မြို့နယ် ၇

အလန်းအုပ်ကျေးရွာ ရာသီခွင်ပြဇယား ၈

အလန်းအုပ်ကျေးရွာတွင်းနှင့် ပြင်ပအဖွဲ့အစည်းများရှိမှု ၉

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ် ၁၀

(၁) နိဒါန်း -ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု ၁၀-၁၁

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီ အနေအထားနှင့် လွှမ်းခြုံသက်ရောက်မှု ၁၁-၁၂

(က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၂-၁၃

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) ကျန်းမာရေးနှင့် အဟာရ

(ဂ) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(ဃ) ကျား-မ ရေးရာဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၁၃-၁၆

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ

(ဃ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတ စီမံခန့်ခွဲမှု

(င) ဘဏ္ဍာနှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအား လက်လှမ်းမီမှု-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ အဟန့်အတားနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၆-၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ ဖြစ်စေသောအခြေအနေကောင်းများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၁၇

(၇) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စစ်ဆေးခြင်း ၁၇-၁၉

(က) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

(ခ) ငွေကြေးနှင့် ဘဏ္ဍာလုပ်ငန်းများ

(ဂ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းပိုင်းဆိုင်ရာအထောက်အပံ့

(ဃ) လမ်းပန်းဆက်သွယ်ရေး

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၁၉-၂၁

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ဦးစားပေးစီမံချက်များ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ) ၂၂-၂၄

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်းနောက်ဆက်တွဲ ၂၅

အပိုင်း(ခ)စီမံချက်ဆိုင်ရာအချက်အလက်များ ၂၆

စီမံချက်အဆိုပြုလွှာ ၂၇-၂၈

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၂၉-၆၅

(၁) လူမှုစီးပွားရေး နှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

(၂) သဘာဝအရင်းအမြစ်နှင့်ရာသီဥတုအခြေအနေ

ဇယား ၂ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

ဇယား ၃ ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ဇယား ၄ ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ဇယား ၅ ဥတ္တုစာခနေ အဆင့်အခြေအနေ

ဇယား ၆ စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား ၇ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား  ၈ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား  ၉ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီပွားရေးလုပ်ငန်းများ

(၅) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

ဇယား  ၁၀ ကုန်စည်နှင့် ဝန်ဆောင်မှု ၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

ဇယား ၁၁ ကျေးရွာလမ်းတည်ရှိမှု အခြေအနေ

ဇယား ၁၂ ရေကျောင်းသယ်ယူပို့ဆောင်ရေး

ဇယား ၁၃ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား ၁၄ လျှပ်စစ်မီးရရှိမှုအခြေအနေ

ဇယား ၁၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာအခြေအနေ

(၆) ပညာရေး

ဇယား ၁၆ ကျောင်းတက်နှုန်း

ဇယား ၁၇ စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ

(၇) ကျန်းမာရေး

ဇယား ၁၈ အဖြစ်များသောရောဂါများ

ဇယား ၁၉ လွန်ခဲ့သော(၁၂)လ အတွင်းကာကွယ်ဆေးထိုးနိုင်မှု

ဇယား ၂၀ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ

ဇယား ၂၁ သောက်သုံးရေရရှိနိုင်မှု

ဇယား ၂၂ အိမ်သာအမျိုးအစား

(၈) ဘေးအန္တရာယ် ထိခိုက်မှု အခြေအနေများ

ဇယား ၂၃ ကျေးရွာ၏ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များအခြေအနေ

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းမြစ်များ ထိန်းသိမ်းမှု အခြေအနေ

ဇယား ၂၄ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

(၁၀) ကျား-မ ရေးရာ

ဇယား ၂၅ ကျား-မ ရေးရာ

ကိုးကားစာရင်း

**ကျေးဇူးတင်လွှာ**

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်သည် ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ ခုနှစ်အထိ(၅)နှစ်ကြာအကောင်အထည် ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသောလူအများပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ရှေးဦးစွာစီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ပါဝင်ဆောင်ရွက်ပေးကြပါသောကျေးရွာသူ-ကျေးရွာ သားများ အားလုံးကို လည်းအထူးကျေးဇူးတင်ရှိပါသည်။

**စကားချီး**

ကျွန်ုပ်တို့ကျေးရွာတွင် ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စုပေါင်းစီစဥ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်းအားလုံးပူးပေါင်းပါဝင် ဆောင်ရွက်မှုအားနည်းခဲ့ပါသည်။စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် လိုအပ်ချက်နှင့် အခက်အခဲများတွေ့ရှိခဲ့ရပါသည်။ သို့ပါသော်လည်း ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့အပြင်လိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဆင့်ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာသည်မှာ သေချာပါသည်။ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်သည့်အခက်ခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီစအစဉ်များကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်ကို ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုပေါင်းဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက်ပံ့ပိုးမှုများဆက်လက်ရရှိမည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့် တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီးအဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

မတ်လ၊၂၀၂၀
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
အလန်းအုပ်ကျေးရွာ၊ကျိုက်လတ်မြို့

## အလန်းအုပ်ကျေးရွာသယံဇာတပြမြေပုံ



# အလန်းအုပ်ကျေးရွာ ရာသီခွင်ပြဇယား



ရာသီခွင်ပြဇယား

| စဉ် | လများ | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
| ၁ | ရာသီဥတု | | | | | | | | | | | | |
| ၂ | ပွဲတော်များ | | | | | | | | | | | | |
| ၃ | လယ်ယာလုပ်ငန်း | | | | | | | | | | | | |
| ၄ | ရေလုပ်ငန်း | | | | | | | | | | | | |
| ၅ | ကျပန်း/သောက် | | | | | | | | | | | | |
| ၆ | ဝမ်းစာဖူလုံမှု | | | | | | | | | | | | |
| ၇ | သီးနှံနှင့်မွေးမြူရေး တိရိစ္ဆာန်ရောဂါ ကျရောက်မှု | | | | | | | | | | | | |
| ၈ | သဘာဝဘေး အန္တရာယ်ကျရောက်မှု | | | | | | | | | | | | |

## အလန်းအုပ်ကျေးရွာတွင်းနှင့်ပြင်ပအဖွဲ့အစည်းများရှိမှု(VENNDIAGRAN)



**အပိုင်း(က)**

## ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည်အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံတော်အတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည်အစီအစဉ်အသစ်ဖြစ်ကြောင်းသိရှိရပါသည်။

**ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း**

ကျွန်ုပ်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုနိုင်ငံတော် အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာ ပါဝင်ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက်ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေး အခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အကြောင်းရင်းခံချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန်ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့်နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်း ကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍာဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရ အဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကိုစုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေး စီမံချက်ကို မြို့နယ်အဆင့်၊ပြည်နယ်အဆင့် ၊ တိုင်းအဆင့်၊ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများကို ပိုမိုသိရှိ လာနိုင်မည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက်သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်အား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့်၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းများကိုမြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်း ပြုလုပ်လာ နိုင်ပါသည်။

**(ခ) စီမံကိန်း ၏လွှမ်းခြုံသက်ရောက်မှု**

ယခုဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်အချိန်ကာလတစ်ခုတွင်း ကျေးရွာလူထုဦးဆောင်ပါဝင်သောလုပ်ကိုင်နည်းဖြင့် စုပေါင်းရေးဆွဲကြသောကြောင့် အမြင်ရှင်းလင်းမှု ဖြစ်စေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်အတွက်လူထုကိုယ်တိုင်ပါဝင်ဆောင်ရွက်ကြပါသည်။ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလူထုပါဝင်စုစည်းခြင်း ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်ပါ၍ လက်တွေ့အကောင်အထည်ဖော်ရာတွင်ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းပေးနိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သောအ

ရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

**၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား**

ကျေးရွာသည် ကျိုက်လတ်မြို့နှင့် (၁၁)မိုင်ကျော် ကွာဝေးပြီး အုပ်ချုပ်ရေးမှူးရုံး စိုက်ရာ ကျိုက်လတ်မြို့နယ်နှင့်ဆက်သွယ်သွားလာရန်ခက်ခဲပါသည်။ ကျေးရွာသည်မြေပြန့်ဒေသတွင်တည်ရှိပြီးအဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် ရောင်းဝယ်ရေးလုပ်ငန်းများလုပ်ကိုင်ကြသည်။ဒေသတစ်နှစ်ပျမ်းမျှ မိုးရေးချိန်လက်မ ၈၀ မှ ၁၂၀ ဝန်းကျင်တွင် ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများ အတွက် အသင့်အတင့် အထောက်အကူပြုပါသည်။ ကျေးရွာတွင် မြစ်၊ ချောင်းများရှိပြီး မြေပြင်အနေအထားမှာလယ်ယာမြေများစပါးစိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းရန်အတွက် အဓိက အားထားရာဖြစ်သည်။ နှစ်စဉ်ရေကြီးနစ်မြုပ်ခြင်းခံရသောကြောင့် ပျက်စီးမှုများကြုံတွေ့ခံစားရသော်လည်း စီးပွားများပျက်စီးသည့် အထိမတွေ့ကြုံရ သေးပါ။

**(ခ) သဘာဝအရင်းအမြစ်**

လယ်ယာမြေများရှိပြီးမြေအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ရှိပါ။ တောင်သူများမှာ ချောင်းရေဖြင့်လယ်မြေကေ(၄၅၆)ကေကျော်ကို ရေသွင်း၍ နွေသီးနှံ၊ မိုးသီးနှံအဖြစ်စိုက်ပျိုးကြသည်။ထွန်းယက်စိုက်ပျိုးနိုင်သည့်ကေ(၄၅၆)ကေရှိပြီးမိုးစပါးနှင့်နွေစပါးကို အဓိကစိုက်ပျိုးကြသည်။ ရာသီပေါ်သီးနှံစိုက်ပျိုးမှုများလည်းရှိသည်။

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာ အချက်အလက်များ**

အိမ်ထောင်စုပေါင်း (၁၅၂)စုနှင့် ကျား( ၃၃၈)၊ မ(၂၃၈၂)ဦးဖြင့် လူဦးရေပေါင်း (၇၂၀)ဦး ရှိကာတစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ(၅)ဦးထက် လျော့နည်းသည်။ ကျေးရွာတွင်ဗမာလူဦးရေအများဆုံး နေထိုင်ပြီးကရင်လူမျိုးများ အနည်းငယ်နေထိုင်ပါသည်။ ကျေးရွာတွင်အလုပ်လုပ်နိုင်သော လူဦးရေမှာ လူဦးရေပေါင်း၏၆၆% ခန့်ရှိသဖြင့်လူသားအရင်းအမြစ် ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင်စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက်ပိုမိုများသည်။အမျိုးသမီးများအတွက် အိမ်တွင်းမှုလုပ်ငန်းများဆောင်ရွက်ပေးသင့်သည်။

**(ခ) ကျန်းမာရေးနှင့်အာဟာရ**

ကျေးရွာတွင်ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝကြပါသည်။ ကလေးငယ်အများစုမှာလည်း ကျန်းမာကြပါသည်။ ကျေးရွာတွင် ဆေးခန်းမရှိသော်လည်း(၁)မိုင်ခန့်ဝေးသောထရော်ရွာသစ်ကျေးရွာကျန်းမာရေးဌာနခွဲရှိသောကြောင့်ကျန်းမာရေး စောင့်ရှောက်မှုအဆင်ပြေပါသည်။ ဆီးချိုသွေးတိုးများရှိသူ အနည်းငယ်ရှိသည်ကို တွေ့ရပါသည်။ အမျိုးသမီး၊လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့ သည်လည်း တစ်ကိုယ်ရေသန့်ရှင်းမှု အသိအမြင်များ ရှိကြပါသည်။

ကျေးရွာတွင် သောက်သုံးရေအတွက်မိုးရေလှောင်ကန်နှင့်သုံးရေအတွက် ချောင်းရေကို အသုံးပြုကြပါသည်။ တစ်ခါတစ်ရံဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသည်နှင့်အခြားဆိုးဝါးသောရောဂါများ ဖြစ်ပွားမှု နည်းပါးကြောင်းတွေ့ရပါသည်။

**(ဂ) ပညာရေးနှင့်ကျွမ်းကျင်မှုများ**

ကျေးရွာရှိပညာရေးအဆင့်အတန်းသည်အတော်အသင့်ရှိကြောင်းတွေ့ရပါသည်။ ကျေးရွာသူ/သားအများစုလိုလို အရေးအဖက် ကျွမ်းကျင်ကြပါသည်။ ကျေးရွာတွင် အလယ်တန်းကျောင်းရှိပြီး စာသင်ကျောင်းဆောင်(၄)ဆောင်ရှိပြီးကျောင်းဆောင်(၁)ခု၏အမိုး၊နံရံ၊အခင်း၊များပျက်စီးနေသဖြင့် ပြုပြင်ရန်လိုအပ်ပါသည်။ကလေးများလုံခြုံစွာစာသင်နိုင်ရန်အတွက်ကျောင်းခြံစည်းရိုးကာရံလည်းလို အပ်ပါသည်။အထက်တန်းပညာကိုထရော်ရွာသစ်ကျေးရွာအထက်တန်းကျောင်းတွင်သွားရောက်ပ ညာသင်ကြားကြရပါသည်။ ဘွဲ့ရအရေအတွက်မှာ အသင့်အတင့်ရှိပါသည်။ ပညာအရည်အချင်း တက်မြောက်မှု အသင့်အတင့်ရှိပြီး အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည်။

**(ဃ) ကျား-မရေးရာဆိုင်ရာ**

ကျေးရွာတွင် ကျား-မ ရေးရာ ကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျားမ ရေးရာ ဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာတွင် လူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျား-မ အကြားပြင်းထန်သော အိမ်တွင်းအကြမ်း ဖက်မှုနှင့် ခွဲခြား ဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘုယျ ပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏာန်းများတွင် အလယ်တန်းအဆင့်၌ မိန်းကလေး အရေအတွက်သည်ယောကျ်ားလေးအရေအတွက်ထက်များနေသော်လည်းမူလတန်းနှင့်အထက်တန်း များတွင်မအရေအတွက်မှာကျားအရေအတွက်ထက်ပိုများနေ၍အမျိုးသမီးများအတွက်ပညာသင်ယူ ရေးဆိုင်ရာအခွင့်အရေးမှာအမျိုးသားများနှင့်အတူအတူပင်ဖြစ်သည်။သို့သော်ကျေးရွာတွင်နေ့တွက်

လုပ်အားခများမှာအမျိုးသားများကပိုမိုရကြပါသည်။ဥပမာအားဖြင့်လုပ်အားခ သဘာ၀နှင့် အင်အား စိုက်ထုတ် ရမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခနည်းပြီး ရကြပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါ၀င်မှုတို့မှာ အလွန်လျော့နည်းလျှက် ရှိသည်။ ကျား-မတန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများဖြင့်တင်ဆောင်ရွက်ပေးခြင်း ဖြင့် ကျား-မ တန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင်လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၆)ဖွဲ့၊ ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေးဆိုင်ရာ အဖွဲ့အစည်း (၁)ဖွဲ့တို့ရှိပါသည်။ အဖွဲ့အစည်းများအားလုံး စွမ်းဆောင်နိုင်မှု ကောင်းမွန်ပါသည်။ ပက်မြန်မာ အပြည်ပြည် ငွေကြေး ၀န်ဆောင်မှု ရန်ပုံငွေ အဖွဲ့အစည်းများကို ပြင်ပမှ ဖွဲ့စည်း

ပေးထားပြီးအသေးစားငွေချေးလုပ်ငန်းများကိုလည်းပတ်ဆောင်ရွက်လျက်ရှိသည်။ကျေးရွာရှိအဆိုပါ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု အသင့်အတင့် ကောင်းမွန် ပါသည်။

### (ခ) သီးနှံ၊သားငါးထုတ်လုပ်ရေး ကဏ္ဍ

ကျေးရွာတွင်မိုးစပါးနှင့်နွေစပါးကိုအဓိကထားစိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက(၅၄၄.၆၁) ဧကရှိပြီးသီးထပ်အဖြစ်နွေစပါး(၅၄၄.၆၁)ဧကကို စိုက်ပျိုးကြသည်။ မိုးစပါးပျမ်းမျှအထွက်နှုန်းမှာ (၃၅)တင်းနှင့် နွေစပါး(၈၅)တင်းတို့ ထွက်ရှိကြသည်။ နွေစပါးဧက(၅၄၄.၆၁) ဧကကို ချောင်းရေမှ ရေသွင်းစိုက်ပျိုးကြသည်။ချောင်းများကောနေခြင်းကြောင့်စိုက်ပျိုးရေ အတွက် လုံလောက်မှုမရှိပါ။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာ၀န်တောင်မှုများ ရရှိနိုင်ကြပြီး စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီ များမှလည်းတောင်သူများအတွက်၀န်ဆောင်မှုများပေးသည်။တောင်သူအများစုသည်လယ်ယာလုပ်င န်းခွင်အတွက် အလုပ်သမားရှားပါးမှုနှင့် ပြည့်စုံလုံလောက်သော လုပ်အားခ မပေးနိုင်ခြင်းပြဿနာ များကိုရင်ဆိုင်ရသည်။ကုန်ကျစရိတ်မြင့်တက်မှုတို့ကိုကျော်လွှားနိုင်ရန်နည်းစနစ်များလိုအပ်နေကြ သည်။ နှစ်စဉ်ရေကြီးရေလျှံမှုသည် စိုက်ပျိုးမှုများအတွက် အရေးကြီးသော ပြဿနာ တစ်ရပ် ဖြစ်နေသည်။

ကျေးရွာတွင်ဒေသထွက်မျိုးရင်းများဖြစ်သော၀က်၊ကြက်၊ဘဲတို့ကိုသာမွေးမြူကြသည်။ရာသီ အလိုက်ဖြစ်တက်သောရောဂါများကြောင့်သေဆုံးပျက်စီးမှုများ ရှိပါသည်။ နည်းပညာ၀န်ဆောင်မှုကို

မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ရရှိနိုင်ပါသည်။ သို့သော်လည်း ဝန်ထမ်းမလုံလောက်မှု ကြောင့်လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှုအားနည်းသည်။မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတား များအနေဖြင့် မွေးမြူရေးလုပ်ငန်းတည်ထောင်တိုးချဲ့ရန်ချေးငွေကို အလွယ်တကူမရရှိနိုင်ပါ။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရ လုပ်ငန်းများမှာ နေ့စား အလုပ်များ၊ခေါင်းရွက်ဗျပ်ထိုး၊သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ဈေးရောင်း၊အစိုးရဝန်ထမ်းလုပ်င န်းတို့ဖြစ်ကြပါသည်။အခြားလုပ်ငန်းအများစုမှာရာသီဥတုနှင့်အမျိုးအစားအလိုက်တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။ လက်လုပ်လက်စားလုပ်ငန်းများမှာ စိုက်ပျိုး ရာသီများတွင်သာအလုပ်အကိုင်များပြီးကျန်အချိန်များတွင်အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးပါသည်။ကျေးရွာတွင်အလုပ်လုပ်နိုင်သောဦးရေများပြားခြင်း ကကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။

**(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ စီမံခန့်ခွဲမှု**

ကျေးရွာတွင် စပါးနှင့် အခြားသီးနှံစိုက်ခင်းများတွင် ပိုးသတ်ဆေးနှင့် ဓါတုဓါတ်မြေသြဇာ သုံးစွဲမှု များပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးနည်းစနစ်အားအ သုံးပြုမည်ဆိုပါက အဆင်ပြေနိုင်ပါသည်။ စွန့်ပစ်ပစ္စည်း များစီမံခန့်ခွဲမှုတွင် ပလက်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံ၊ ကော်နှင့် ဆက်စပ်သော ပစ္စည်းများ စနစ်တကျ မစွန့်ပစ်ကြသဖြင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးရေးလုပ်ငန်းများမြှင့်တင် ဆောင်ရွက် ပေးသင့်သည်။

ဤကျေးရွာ၏လယ်မြေများသည်ရေကြီးလွှမ်းမိုးမှုကိုနှစ်စဉ်ကြုံတွေ့ရသည်။ မြစ်ဝကျွန်းပေါ် ဒေသ ဖြစ်သောကြောင့်လည်း မုန်တိုင်းဝင်ရောက်မှုကို ကြုံတွေ့ရပါသည်။ နှစ်စဉ်ဖြစ်ပေါ်နေသော ကျရောက်မြဲဖြစ်သော ရေကြီးခြင်းသည်လည်း သဘာဝဘေးအန္တရာယ် တစ်ခုအဖြစ် ရှိနေဆဲဖြစ် ပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှတောင်သူလယ်သမားများသည် မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေး သောချေးငွေကိုတစ်နှစ်အတိုးနှုန်း(၀.၈)ကျပ်တိုး၊ တစ်ဧက(၁၅၀၀၀၀)ကျပ်နှုန်းဖြင့် အများဆုံး(၁၀) ဧကအတွက် ပုံစံ(၇)ဖြင့် ချေးယူနိုင်ကြသည်။ ကျေးရွာတွင် Pact Myanmar အဖွဲ့အစည်းများ ရှိပြီး လစဉ်အရစ်ကျပေးသွင်းခြင်းပုံစံဖြင့် ငွေစုငွေချေးလုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိပါသည်။

စည်းကမ်းပိုင်းတွင်လည်းတင်းကျပ်ထားသည်။တစ်ချို့သောအိမ်ထောင်စုများသည် ရွာထဲမှမိတ်ဆွေ၊ မိသားစုထံမှချေးယူကြပါသည်။ကျေးရွာတွင် သမဝါယမအသင်းကို ဖွဲ့စည်းထားရှိပါသည်။

**(စ) ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

သောက်သုံးရေအတွက်မိုးရေလှောင်ကန်မှရရှိပြီး လုံလောက်မှုအသင့်အတင့်သာ ရှိပါသည်။ အချို့အိမ်ထောင်စုများမှာချောင်းရေများကိုကြိုချက်၍ သောက်သုံးရပါသည်။ အိမ်ထောင်စုများသည် ယင်လုံအိမ်သာများကိုဆောက်လုပ်သုံးစွဲကြပါသည်။ တစ်ရွာလုံး ယင်လုံအိမ်သာ သုံးစွဲကြပါသည်။ ထိုကြောင့်ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှု နည်းပါးပါသည်။ ဘုန်းတော်ကြီး ကျောင်းတွင် လုံလောက်သော အိမ်သာများကို စနစ်တကျ ဆောက်လုပ်ထားပါသည်။

**(ဆ) လူငယ်နှင့်ယဉ်ကျေးမှု**

လူငယ်များအတွက် ကျေးရွာတွင် အပန်းဖြေအနားယူနိုင်သည့် နေရာသီးသန့် မရှိပါ။အခြား အားကစားဆိုင်ရာ ဘောလုံးကွင်းများ တည်ဆောက်ရန် လိုအပ်နေပါသေးသည်။ ကျေးရွာရှိလူမှု ရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေး ပွဲတော်များတွင်လည်း စိတ်ပါ ဝင်စားစွာဆင်နွဲကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြ ပါသည်။

**(ဇ) အခြေခံအဆောက်အဦး -လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး**

ရွာတွင်းရှိလမ်းများမှာမြေသားလမ်းများဖြစ်ပါသည်။ရေလမ်းခရီးကိုအသုံးပြုကြပြီးစက်လှေ၊ လှေတို့ကိုအသုံးပြုမှုများပြားပါသည်။ကျေးရွာတွင်လျှပ်စစ်မီးကိုဒီဇယ်သုံးအင်ဂျင်၊ဆိုလာစနစ်တို့ကို အသုံးပြုကြပါသည်။လျှပ်စစ်မီးမှာကျေးရွာ၏အဓိကလိုအပ်ချက်ဖြစ်ပြီးမဟာဓါတ်အားလိုင်းနှင့်(၁၂)မို င်ကျော်ကွာဝေးပါသည်။ လျှပ်စစ်ဓါတ်အားရရှိပါက ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့် အတန်းမြင့်မား လာနိုင်ပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို အသုံးပြုနေကြရ သော်လည်း ကျေးရွာအနီးတာဝါတိုင်မရှိခြင်းကြောင့်ဆက်သွယ်မှုလိုင်းမကောင်းသဖြင့် အခက်အခဲ ရှိပါသည်။ ကျေးရွာတွင်ဆက်သွယ်မှု လိုင်းမကောင်းသဖြင့် အင်တာနက်အသုံးပြုနိုင်မှုနည်းပါးရ ပါသည်။ကျေးရွာအနီး ဖုန်းတာဝါတိုင်လိုအပ်ပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝင်မှုဖြစ်ပွားခြင်း နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်နှင့် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျှော့ပါးရေးအစီ အစဉ်သီးသန့်ရေးဆွဲထားခြင်းမရှိသေးပါ။ရွာသားများသည်ရဲစခန်းသို့အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင်ရာဇဝတ်မှုဖြစ်ပွားမှုနည်းပါးသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ

ကျေးရွာတွင်လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲခြင်း မရှိသေးသော်လည်း ဓါတ်အားလိုင်းနှင့်(၁၂)မိုင်ကျော်ကွာဝေးသော အလန်းအုပ်ကျေးရွာတွင် လျှပ်စစ်မီးရရှိရန် မျှော်လင့်ချက်တစ်ခု ထားရှိပါသည်။ ရွာမီးလင်းရေးအတွက် ဇီဝလောင်စာ၊ ဒီဇယ်အင်ဂျင်၊ ဆိုလာမီးတို့ဖြင့် ကျောင်းသားကျောင်းသူတို့အတွက် စာဖတ်ချိန်အထောက်အပံ့ဖြစ်စေခြင်းနှင့် လူနေမှုအဆင့်အတန်းမြင့်မားလာရေးအတွက်ဆောင်ရွက်နေကြပါသည်။

လူငယ်ပညာတက်များ ရှိပြီး လူဦးရေအားလုံး၏(၇၁) ရာခိုင်နှုန်းသည် အလုပ်လုပ်နိုင်သော အရွယ်များဖြစ်ကြသည်။လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကကျောင်းသင်တန်းများကို လူငယ်များအားလေ့ကျင့်ပေးခြင်းဖြင့် တိုးတက်လာစေနိုင်ပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေး အခြေအနေမှ ယေဘုယျအားဖြင့် ကောင်းမွန်ကြပြီး ကျေးရွာတွင် ကျေးလက်ဆေးပေးခန်း မရှိသော်လည်း ထရော်ဝကျေးရွာ ကျန်းမာရေးဌာနခွဲတွင် ကျန်းမာရေး ပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများကိုအလွယ်တကူ လက်လှမ်းမီနိုင်ကြပါသည်။ ဆေးဝါးကုသလိုမှုအတွက်ကျိုက်လတ်မြို့နယ်ဆေးရုံကြီးသို့သွားရောက်ကုသမှုခံယူနိုင်ကြပါသည်။

သဘာဝအရင်းအမြစ်များအနေတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အတော်အသင့်ကောင်းမွန်သည်။တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ပေးနိုင်သည်။မိုးရွာသွန်းမှုမှာ စပါးစိုက်ပျိုးထုတ်လုပ်မှုအတွက် အထောက်အကူဖြစ်ပါသည်။ ကျေးရွာတွင်ချောင်းရေသွင်း၍ နွေစပါး (၅၄၄.၆၁)ဧကကို စိုက်ပျိုးထုတ်လုပ်ပါသည်။ ကျေးရွာသည် ကျိုက်လတ်မြို့၊ ရန်ကုန်မြို့တို့သို့ ကားလမ်း၊ ရေလမ်းတို့ဖြင့် ကူးသန်းသွားလာနိုင်ပါသည်။ ဒေသထွက်ကုန်များကို ရေလမ်းခရီးဖြင့် သယ်သူပို့ဆောင်ရပြီး သာရေး၊ နာရေး၊ လူမှုရေးကိစ္စ အချို့အတွက်သာ ကုန်းလန်းခရီးဖြင့်သွားလာနိုင်ပါသည်။

ကျေးရွာတွင် ရာဇဝတ်ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့်ကုန်စည် ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။ရွာသားများသည် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလိုဆက်သွယ်သိရှိနိုင်ပါသည်။ မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ အတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြပါသည်။အင်တာနက်အသုံးပြုမှုမှာလည်းကောင်းမွန်ပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

ကျေးရွာလူထုအားလုံးပူးပေါင်းပါဝင်ပြီးလာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်-

(က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှု မြှင့်တင်ခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှဝင်ငွေရှာဖွေနိုင်စွမ်းနှင့်စီးပွားရေးအနေအထားတိုးတက်ရရှိလာစေရမည်။

(က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည်စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရေး နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က.၃) ကျွန်ုပ်တို့ကျေးရွာ လူထုသည် သက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် စီးပွားရေးအုပ်စုများဖွဲ့ပြီး ကျေးရွာအခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်မားလာမှုမှ တဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရားတိုးတက်လာစေရမည်။

(က.၄) ကျွန်ုပ်တို့ကျေးရွာရှိ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အဦးများ ဖွံ့ဖြိုးတိုးတက် အောင်ဆောင်ရွက်ပြီးကောင်းမွန်သော ဈေးကွက်ကြီးကို ဖန်တီးတည်ဆောက်မည်။

(က.၅) ကျွန်ုပ်တို့သည် ဖြစ်ပေါ်လာနိုင်သော သဘာဝ ဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးများ ကိုချမှတ်ပြီးကျေးရွာသူ/သားတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်မည်။

(က.၆) ကျွန်ုပ်တို့သည် ခေတ်မီလယ်ယာများဖော်ထုတ်ပြီး အရည်အသွေးမြင့် စိုက်ပျိုးရေး ထုတ်ကုန် များထုတ်လုပ်မည်။

**၇။ ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စစ်ဆေးခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှလည်း အထောက်အပံ့ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများ ကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်းသတ်မှတ်ကာလအတိုင်းပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာဦးစားပေးစီမံချက်များနှင့်ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေး စီမံချက်ကို ပြင်ဆင်ရန်ဖြစ်ပါသည်။

## (က) စိုက်ပျိုးမြေများထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင်မိုးစပါး၊ဆောင်စပါး၊အခြားသီးနှံများကိုစိုက်ပျိုးပါသည်။စပါးစိုက်ပျိုးရာတွင်ရေကြီးနစ်မြုပ်ခြင်းသည်အဓိကပြဿနာတစ်ရပ်ဖြစ်သည်။ ရေကြီးနစ်မြုပ်မှုနှင့်သဘာဝဘေးအန္တရာယ်

ကာကွယ်ရန် ခေတ်မီလယ်ယာ ဖော်ထုတ်ခြင်းနှင့် ရေစီးရေလာ ကောင်းမွန်အောင် သက်ဆိုင်ရာ အစိုးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရပါမည်။ ဖျက်ပိုးများအန္တရာယ်အတွက်လည်း နှိမ်နင်းရေး ဝန်ဆောင်မှုများလိုအပ်နေပါသည်။ စပါးဈေးနှုန်းကျဆင်းမှုကြောင့်တောင်သူများ အရှုံးနှင့် ရင်ဆိုင်ရပါသည်။ စိုက်ပျိုးနိုင်သော မြေနေရာများရှိသေးပြီး ဝင်ငွေကောင်းမွန်သော စိုက်ပျိုးရေးများ လုပ်ဆောင်နိုင်ရန် နည်းပညာများနှင့် ဈေးကွက်ဖော်ဆောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာနများနှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

**(ခ) ငွေကြေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများတွင် စိုက်ပျိုးရေးချေးငွေ၊ မွေးမြူရေးချေးငွေ၊ အသေးစားစက်မှု လက်မှုလုပ်ငန်းများအတွက်ချေးငွေနှင့် အိမ်တွင်းမှုစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေများ ကာလရှည်နှင့် အတိုးနှုန်းသက်သာစွာ ချေးယူရရှိနိုင်ပါက ကျေးရွာဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာနိုင်ပါသည်။ အထူးသဖြင့် လယ်သမားများနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက်အထိုက်အလျောက် များပြားသည့် ချေးငွေလိုအပ်ပါသည်။

**(ဂ) ကျေးလက်အသေးစား စက်မှုလက်မှု လုပ်ငန်းပိုင်းဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင်အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့်အလမ်းများရရှိပါမည်။သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များလက်လှမ်းမီမှုတွင်အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသောလုပ်ငန်းများ(ကုန်ထုတ်ခြင်း၊စက်မှု၊လက်မှုလုပ်ငန်းများ)အတွက် လုပ်ငန်းစီမံခန့်ခွဲရေးထောက်ပံ့ခြင်းကိုကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ထည့်သွင်းရေးဆွဲရန်ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာမှအသေးစားလုပ်ငန်းများအတွက်အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ လုပ်နိုင်ရန် အခွင့်အလမ်းများ ရှိနေပါသည်။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခု တည်ထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲမှုအောက်တွင်
တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင်ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ထိုအဖွဲ့တွင်ကျွမ်းကျင်ပညာရှင် အချို့နှင့်တိုးချဲ့ပညာပေးရေး ဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး၊မြို့နယ်ဒေသမှသည် ကျေးရွာ အထိ လိုအပ်သောစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်းရှိရပါမည်။

**(င) လမ်းပန်းဆက်သွယ်ရေး**

ကျေးရွာတွင်းလမ်းများမှာ မြေသားများဖြစ်ပြီး မြေသားလမ်းများကိုလည်း စနစ်တကျ ခင်းကျင်းရန် လိုအပ်ပါသည်။ ပြောင်းလဲတိုးတက်မှုနှင့်အတူ လမ်းများဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

**၈။ စီမံကိန်း၊စီမံချက်များနှင့် အကောင်အထည်ဖော်မည့် အချိန်ကာလ**

စီမံချက်များသည်အကောင်အထည်ဖော်မည့်ဗျူဟာများကိုလုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များသို့ရောက်ရှိရန်ပါဝင်ပေး မည့်ဖွံ့ဖြိုး ရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက်ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ် ဦးစားပေးတန်းစီးခဲ့ကြသည့်စီမံချက်များသည်မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ဤသည်မှာကျေးရွာလူထု သည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြ သော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင်နောက်ထပ်ဆောင်ရွက်မည့်ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ ထိုကြောင့် ငါးနှစ်တာကာ လကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်းနှစ်ပတ်လည်ဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက်ဦးစားပေးအစီအစဉ်များကိုဇယားဖြင့်ဖော်ပြထားပါသည်။ကျေးရွာလူထု မှ နှစ်သက်ရာ အမှတ်ပေးအဆင့် ခွဲခြားစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တစ်ချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများ ထံမှလည်း နည်းပညာအကူအညီများရရှိ ရန်လည်းလိုအပ်ပါသည်။

## နှစ်ပတ်လည်ဖွံ့ဖြိုးရေးအစီအစဉ်(အလန်းအုပ်ကျေးရွာ)

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ |
|---|---|---|---|---|---|---|---|
| ၁ | ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း (၁၁၆၂'× ၆' × ၆") | ၁ | ✓ | | | | |
| ၂ | ချောင်းကောတူးဖော်ခြင်း | ၂ | | ✓ | | | |
| ၃ | ရေသန့်စင်စနစ်ရရှိရေးစီမံချက် | ၃ | | | ✓ | | |
| ၄ | ရွာချင်းဆက်လမ်းဆောင်ရွက်ခြင်း (အလန်းအုပ်-သိုင်းချောင်း) | ၄ | | | ✓ | ✓ | |
| ၅ | ရေကန်ခြံစည်းရိုးကာရံခြင်း၊ရေတုံ ငင်တပ်ဆင်ခြင်း | ၅ | | | | ✓ | ✓ |
| ၆ | စာကြည့်တိုက်ရရှိရေးစီမံချက် | ၆ | | | | | ✓ |
| ၇ | ဖုန်းတာဝါတိုင်ရရှိရေးစီမံချက် | ၇ | | | | | ✓ |

## ဦးစားပေးစီမံချက်များ(အလန်းအုပ်ကျေးရွာ)

| ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးရွာအဆောက်အဦ | ၁။လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ၁၀၀ | ၁ | ရွာတွင်းလမ်းကွန်ကရစ်ခင်း (၁၁၆၂'× ၆' × ၆") | |
| | ၂။လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ၇၃ | ၄ | ရွာချင်းဆက်လမ်းဆောက်လုပ်ခြင်း | |
| | ၃။အသိပညာဗဟုသုတများကြွယ်ဝလာစေရန် | ၅၅ | ၆ | စာကြည့်တိုက်ရရှိရေးစီမံချက် | |
| စိုက်ပျိုးရေး | ၁။စိုက်ပျိုးရေးကဏ္ဍတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ၉၀ | ၂ | ချောင်းကောတူးဖော်ခြင်း | |
| ရေရရှိရေး | ၁။ကျေးရွာသန့်ရှင်းသောက်သုံးရေရရှိလာစေရန် | ၇၀ | ၅ | ရေကန်ခြံစည်းရိုးကာရံခြင်း | |
| | ၁။ကျေးရွာသန့်ရှင်းသောက်သုံးရေရရှိလာစေရန် | ၈၀ | ၃ | ရေသန့်စင်စနစ်ရရှိရေးစီမံချက် | |
| ဆက်သွယ်ရေး | ၁။ဆက်သွယ်မှုကောင်းမွန်လာစေရန် | ၄၀ | ၇ | ဖုန်းတာဝါတိုင် ရရှိရေးစီမံချက် | |

နောက်ဆက်တွဲ(၁)

## ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(အလန်းအုပ်ကျေးရွာ)

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှုများ | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁။ | **ကျေးရွာအဆောက်အဦကဏ္ဍ** | | | | | |
| | ● မိုးရာသီသွားလာရေးခက်ခဲခြင်း | ● အုတ်ခင်းလမ်းများအပ်ကွဲပျက်ဆီးနေခြင်း | ● ကျေးရွာမှလုပ်အားဖြင့်ထည့်ဝင်နိုင်ခြင်း | ● ကျေးရွာတွင် ဆင်းရဲသောအိမ်ထောင်စုများသောကြောင့်ငွေကြေးမတတ်နိုင်ခြင်း | ● ကွန်ကရစ်လမ်းဖြစ်မြောက်ရေးကော်မတီဖွဲ့စည်းခြင်း ကျေးလက်ဦးစီးဌာနသို့တင်ပြတောင်းခံခြင်း | ● ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းစီမံချက် (၁၁၆၂'× ၆' × ၆") |
| | ● မိုးရာသီသွားလာရေးခက်ခဲခြင်း | ● ရွာချင်းဆက်လမ်းကျဉ်းမြောင်း၍အုတ်ခင်းလမ်းဖြစ်နေခြင်း | ● ရွာချင်းဆက်လမ်းကောင်းမွန်လာပါကလူမှုရေး၊ကျန်းမာရေးပညာရေးကိစ္စများအဆင်ပြေလာနိုင်ခြင်း | ● ပြင်ပအလှူရှင်များဖွံ့ဖြိုးရေးအဖွဲ့အစည်းများနှင့်မဆက်သွယ်တက်ခြင်း<br>● ငွေကြေးမလုံးလောက်ခြင်း | ● ကွန်ကရစ်လမ်းဖြစ်မြောက်ရေးရန်ပုံငွေများ၊အလှူရှင်များရှာဖွေခြင်း | ● တမံကြီး-အုန်းပင်စုရွာချင်းဆက်လမ်းကွန်ကရစ်ခင်းခြင်း |

နောက်ဆက်တွဲ(၁)အဆက်

**ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(အလန်းအုပ်ကျေးရွာ)**

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှုများ | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁။ | **ကျေးရွာအဆောက်အဦကဏ္ဍ** | | | | | |
| | ● ကျေးရွာတွင်အသိပညာဗဟုသုတများအားနည်းခြင်း | ● ကျေးရွာစာကြည့်တိုက်မရှိခြင်း | ● စာကြည့်တိုက်ရှိခြင်းဖြင့်အသိပညာဗဟုသုတများကြွယ်ဝလာ၍ပြဿနာများတည်းပါးလာနိုင်ခြင်း | ● ငွေကြေးမလုံလောက်ခြင်း<br>● အဆက်အသွယ်ကောင်းများမရှာဖွေတတ်ခြင်း | ● သက်ဆိုင်ရာဦးစီးဌာနသို့တင်ပြခြင်း | ● ကျေးရွာစာကြည့်တိုက်ဖြစ်မြောက်ရေးအစီအစဉ် |
| ၂။ | **စိုက်ပျိုးရေးကဏ္ဍ** | | | | | |
| | ● စိုက်ပျိုးရေလုံလောက်မှုမရှိခြင်း | ● ချောင်းများကောနေခြင်း | ● စိုက်ပျိုးရေလုံလောက်မှုရရှိ၍အချိန်ကုန်ငွေကုန်သက်သာခြင်း | ● ငွေကြေးမတတ်နိုင်ခြင်း | ● ဆည်မြောင်းဦးစီးဌာနကဲ့သို့သောသက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက်ခြင်း | ● ချောင်းကောများတူးဖော်ခြင်း |

## ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(တမံကြီးကျေးရွာ)

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၄။ | **ရေရရှိရေးကဏ္ဍ** | | | | | |
| | ● လုံခြုံသောရေကန် ခြံစည်းရိုးများမရှိခြင်း | ● သောက်ရေကန်လုံ ခြုံမှုရှိစေရန် ၊ရေများလွယ်ကူစွာ သန့်ရှင်းသန့်စင် စေရန်ရေတုံငင် လိုအပ်ခြင်း | ● ကျေးရွာလူထုမှအတူတ ကွစိန်အားထက်သန်စွာဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ခြ င်း | ● ကျေးရွာမှငွေကြေးမတက် နိုင်ခြင်း | ● သက်ဆိုင်ရာဦးစီးဌာနများ၊ အထောက်အပံ့ပံ့ပိုးပေးနိုင် မည့် အဖွဲ့အစည်းများနှင့်ချိတ် ဆက်ခြင်း | ● သောက်ရေကန်ခြံစည်းရိုး ကာရံခြင်း |
| | ● ချောင်းရေများကိုျ ချက်၍သောက်သုံး နေရခြင်း | ● ရေသန့်စနစ်လို အပ်ခြင်း | ● သန့်ရှင်းသောသောက်သုံး ရေရရှိလာနိုင်ခြင်း<br>● ကျေးရွာကျန်းမာရေး အတွက်တတက်တအားမှ အထောက်အကူပြုနိုင်ခြင်း | ● နည်းစနစ်ကောင်များမသိ နားမလည်ခြင်း | ● ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း | ● ရေသန့်စင်စနစ်ရရှိရေး စီမံချက် |
| ၅။ | **ဆက်သွယ်ရေးကဏ္ဍ** | | | | | |
| | ● ဖုန်းလိုင်းများ မရှိခြင်း<br>● ဖုန်းခေါ်ရာတွင် အခက်အခဲရှိခြင်း၊ အင်တာနက်လိုင်း မကောင်းခြင်း | ● တယ်လီဖုန်း တာဝါတိုင်လိုအပ်ခြ င်း | ● ကျေးရွာမှ အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ခြင်း | ● အဆက်အသွယ်ကောင်း မွန်စွာမရှိခြင်း၊နည်းလမ်း ကောင်းများမသိရှိခြင်း | ● သက်ဆိုင်ရာအဖွဲ့အစည်း များနှင့် ချိတ်ဆက်ခြင်း | ● ဖုန်းတာဝါတိုင်ရရှိရေး စီမံချက် |

နောက်ဆက်တွဲ(၂)

## ဆားဖိုးသိုင်းချောင်းကျေးရွာအုပ်စု၊ အလန်းအုပ်ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးစောကျော်သူရ | ဦးဟန်တင် | ၁၄/ကလန(နိုင်)၁၀၉၇၇၉ | ၃၇ | ဥက္ကဋ္ဌ | ၀၉-၇၆၂၉၆၀၁၁၀၉ | |
| ၃ | ဦးစောမူးထော | ဦးသနာယ် | ၁၄/ကလန(နိုင်)၀၄၄၂၈၆ | ၄၉ | အတွင်းရေးမှူး | ၀၉-၇၉၃၇၂၉၆၄၄ | |
| ၂ | ဦးစောသာပွဲ | ဦးစောဖေးရစ် | ၁၄/ကလန(နိုင်)၀၈၈၉၈၂ | ၄၀ | ဘဏ္ဍာရေးမှူး | ၀၉-၇၉၀၄၇၂၉၀၀ | |
| ၄ | ဒေါ်နော်အယ်ကစွီးဖော | ဦးစောရိုးနသာ | ၁၄/ကလန(နိုင်)၁၈၂၁၉၂ | ၂၀ | စာရင်းကိုင် | ၀၉-၇၉၂၅၁၂၀၃၃ | |
| ၅ | ဦးစောသောရှီး | ဦးစောရှီးမို | ၁၄/ကလန(နိုင်)၁၄၂၁၅၄ | ၂၆ | အဖွဲ့ဝင် | ၀၉-၇၆၁၅၂၀၇၆၇ | |
| ၆ | ဒေါ်စန်းလှ | ဦးသိန်းမောင် | ၁၄/ကလန(နိုင်)၁၀၉၉၀၄ | ၅၃ | အဖွဲ့ဝင် | ၀၉-၇၇၉၄၃၅၁၅၃ | |
| ၇ | ဒေါ်နော်သောသီဖော | ဦးဘသန်းတင် | ၁၄/ကလန(နိုင်)၁၁၃၈၂၂ | ၃၀ | အဖွဲ့ဝင် | ၀၉-၇၉၈၁၁၂၁၆၀ | |

# အပိုင်း(ခ)

## ကျေးရွာဆိုင်ရာအချက်အလက်များ

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ**

<table>
<tr><td colspan="2">ကျေးရွာ - ဆားဖိုသိုင်းချောင်း<br>ကျေးရွာအုပ်စု - အလန်းအုပ်<br>မြို့နယ် - ကျိုက်လတ်<br>တိုင်းဒေသကြီး / ပြည်နယ် - ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td colspan="2">စီမံချက်အမည် - ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း(၁၁၆၂'× ၆' × ၆")</td></tr>
<tr><td colspan="2">စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ<br>• ယခုလက်ရှိ လမ်းမှာ မြေသားလမ်းဖြစ်ပြီး မိုးကြီးသည့် အခါတွင် လမ်းပေါ်ရေကျော်ကာ ဗွက်အိုင်များ ဖြစ်ပေါ်၍ သွားလာရ ခက်ခဲစေပါသည်။<br>• ကျောင်းသားကျောင်းသူများ အနေဖြင့် လမ်းတွင် ဗွက်များ၊ ချိုင့်များ ဖြစ်နေသောကြောင့် ကျောင်းသွားကျောင်းပြန် အခက်အခဲများ ရှိပါသည်။<br>• ထို့အပြင် မိုးတွင်းကာလ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် ကျန်းမာရေးဆိုင်ရာ အရေးပေါ် အခြေအနေ ဖြစ်ပေါ်လာပါက အသက်အန္တရာယ် ထိခိုက်နိုင်ပါသည်။</td></tr>
<tr><td colspan="2">စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)<br>• မိုးတွင်းကာလ မိုးကြီးသည့်အခါများတွင် လမ်းပေါ်ရေကျော်မှုများ ကင်းဝေးစေရန်နှင့် ဗွက်များ၊ ချိုင့်များ မရှိစေရန်၊<br>• ကျောင်းသားကျောင်းသူများ ပညာသင်ယူမှုတွင် သွားလာရ အဆင်ပြေစေရန်၊<br>• ကျန်းမာရေး အရေးပေါ် အခြေအနေများတွင် သွားလာရ အဆင်ပြေ၍ အသက်အန္တရာယ် ကင်းဝေးစေရန်၊</td></tr>
<tr><td colspan="2">မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)<br>• ကွန်ကရစ်လမ်း ခင်းပြီးနောက် ရေကျော်မှုများ ကင်းဝေးပြီး ဗွက်များ၊ ချိုင့်များ မရှိသဖြင့် သွားလာမှု ပိုမို အဆင်ပြေ လွယ်ကူလာမည်။<br>• ကျောင်းသားကျောင်းသူများ ပညာသင်ယူမှုတွင် သွားလာရေး အခက်အခဲများ မရှိသဖြင့် ကျောင်းပျက်နှုန်း နည်းလာပြီး ပညာတတ်မြောက်သူဦးရေ များလာမည်။<br>• ကျန်းမာရေး အရေးပေါ် အခြေအနေတွင်လည်း လမ်းပန်းဆက်သွယ်ရေး အဆင်ပြေသောကြောင့် မြို့ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ စသည့်နေရာများသို့ အချိန်မီ ပို့ပေးနိုင်ပြီး မတော်တဆ သေဆုံးမှု လျော့ကျလာပါလိမ့်မည်။<br>• ထို့အပြင် နွေရာသီ မီးဘေးအန္တရာယ် ဖြစ်ပေါ်လာပါက လမ်းကောင်းနေသောကြောင့် အချိန်မီ တားဆီးနိုင်ပါမည်။</td></tr>
<tr><td colspan="2">စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)<br>• အလန်းအုပ်ကျေးရွာတွင်း လမ်း (၁၁၆၂'× ၆'× ၆")အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။</td></tr>
<tr><td colspan="2">စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု</td></tr>
<tr><td>ခန့်မှန်းကုန်ကျစရိတ် (ကျပ်)</td><td>ထည့်ဝင်မည့် အစီအစဉ်</td></tr>
</table>

| | |
|---|---|
| • ၁၀,၀၀၀,၀၀၀(ငွေသား)<br>• __________ (ငွေသား)<br>• __________ (ပစ္စည်း/လုပ်အား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>• ကျေးရွာ<br>• ကျေးရွာ |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |
| **ကျေးရွာအဆင့်** | ၃၃၈ | ၃၈၂ | ၇၂၀ | ၁၀ | ၃၁ | ၄၀ | ၇၁ | ၁၅၂ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၃၃၈ | ၃၈၂ | ၇၂၀ | ၁၀ | ၃၁ | ၄၀ | ၇၁ | ၁၅၂ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**<br>• အလန်းအုပ်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ<br>• မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| **(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း** - ၂၀၂၀ ပြည့်နှစ်၊မတ်လ |
| **(၃) စီမံချက်ပြီးစီးမည့်အချိန်** - ၂၀၂၀ ပြည့်နှစ်၊ဧပြီလ |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။<br>• အလန်းအုပ်ကျေးရွာတွင်းလမ်းအား ကွန်ကရစ်ခင်းရာတွင် ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။<br>• လိုအပ်ပါက ပစ္စည်းနှင့် ငွေကြေး အသင့်အတင့် ထည့်ဝင်ပါမည်။ |
| **(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**<br>• လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။<br>• လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်း နှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။<br>• လမ်းအခြေအနေအား ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။<br>• ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ လမ်းသူ လမ်းသားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။ |

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၄ | ၄ | ၈ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၂၃ | ၂၅ | ၄၈ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၄ | ၄၉ | ၈၃ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၄ | ၃၁ | ၆၅ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၂၄ | ၂၅၃ | ၄၇၇ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၁၉ | ၂၀ | ၃၉ |
| **စုစုပေါင်း** | | **၃၃၈** | **၃၈၂** | **၇၂၀** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၅၂** | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

**လေ့လာတွေ့ရှိချက်။** ။ကျားမအချိုးမှာ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ပိုများပါသည်။မြန်မာနိုင်ငံပျမ်းမျှလူဦးရေအောက်လျော့နည်းပါသည်။ အမျိုးသမီးဦးရေများပြားသောကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ၊ အိမ်တွင်းလက်မှုပညာများ ရရှိနိုင်ပါက ကျေးရွာရှိ အမျိုးသမီးများ အလုပ်အကိုင်များ ရရှိလာနိုင်မည်ဖြစ်ပါသည်။ သက်ကြီးရွယ်အိုများရှိသောကြောင့်သက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းနိုင်ရန်လိုအပ်ပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇၆ | ၁၀၆ | ၂၃ | မြင့်☐လတ်✓နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၂ | **မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၁၇ | - | မြင့်☐လတ်✓နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
